ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ပေကျင်းမြို့
No. 6 Dong Zhi Men Wai Street, Chao Yang District,
Beijing 100600, People's Republic of China
Tel : 0086 10 6532 0351, 6532 0412
Fax : 0086 10 65320408

## ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြည်ပသို့ တရားဝင်ရောက်ရှိနေသော မြန်မာနိုင်ငံသားများ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေး မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ကြေညာထားသည့် မဲဆန္ဒရှင်စာရင်းတွင် မိမိအမည် မပါရှိပါက ပုံစံ (၃) ဖြင့် ပေးပို့လျှောက်ထားရန် ကြေညာခြင်း

(ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၀ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ (၁၅) များကို မြန်မာသံရုံးသို့ ၁၆-၇-၂၀၂၀ ရက်နေ့မှ ၅-၈-၂၀၂၀ ရက်နေ့အထိ ပေးပို့နိုင်ကြောင်း ကြေညာချက်ထုတ်ပြန်ထားခဲ့ပြီး မြန်မာသံရုံးမှ တရုတ်နိုင်ငံသို့ တရားဝင်ရောက်ရှိနေသော မြန်မာနိုင်ငံသားများထံမှ ပုံစံ (၁၅) များကို ၅-၈-၂၀၂၀ ရက်နေ့အထိ နောက်ဆုံးထားကာ လက်ခံဆောင်ရွက်ပေးခဲ့ပြီး ယင်းပုံစံ (၁၅) များကို စုစည်းကာ မြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရွေးကောက်ပွဲကော်မရှင်တို့သို့ ဆက်လက်ပေးပို့ထားခဲ့ပြီးဖြစ်ပါကြောင်း အသိပေးကြေညာခဲ့ပါသည်။

ယခုအခါတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အများပြည်သူများ ကြည့်ရှုနိုင်ရန် မဲဆန္ဒရှင်စာရင်းများကို သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၂၅ ရက်နေ့မှ ဩဂုတ်လ ၁၄ ရက်နေ့အထိ (၂၁) ရက် ကပ်ထားကြေညာနေပြီဖြစ်ကြောင်း၊ အဆိုပါ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံပြင်ပရောက်ရှိနေသော မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းတွင် မိမိအမည် ပါ/မပါ ကို မိမိ၏ မိသားစုဝင်တစ်ဦးဦး (သို့မဟုတ်) မိမိနေထိုင်သည့် ရပ်ကွက်/ ကျေးရွာအုပ်စုအတွင်းရှိ အသိမိတ်ဆွေ တစ်ဦးဦးအား ကြည့်ရှုစေရန်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်စာရင်းတွင် မိမိအမည် မပါရှိပါက သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများတွင် မိမိအမည်အား ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ (၃) ဖြင့် တောင်းဆိုရမည်ဖြစ်ကြောင်း အကြောင်းကြားလာပါသည်။

သို့ဖြစ်ပါ၍ တရုတ်နိုင်ငံသို့ အစိုးရ၏ ခွင့်ပြုချက်ဖြင့် တရားဝင်ရောက်ရှိနေပြီး မြန်မာသံရုံး၊ ပေကျင်းမြို့ သို့ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ (၁၅) ဖြင့် ပေးပို့အဆိုပြုထားသည့် မြန်မာနိုင်ငံသားများအနေဖြင့် မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် မိမိတို့၏ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု မဲဆန္ဒရှင်စာရင်းတွင် မိမိအမည် ပါ/မပါ မိမိ၏ မိသားစုဝင်တစ်ဦးဦး (သို့မဟုတ်) မိမိနေထိုင်သည့် ရပ်ကွက်/ ကျေးရွာအုပ်စုအတွင်းရှိ အသိမိတ်ဆွေ တစ်ဦးဦးအား ကြည့်ရှုစေ၍ စိစစ်ပေးကြပါရန်နှင့် မိမိအမည် မပါရှိပါက မိမိအမည်အား မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ (၃) ဖြင့် မြန်မာသံရုံးသို့ တောင်းဆိုနိုင်ပါရန် ပုံစံ (၃) အား ဤစာနှင့်အတူ ပူးတွဲ ဖြန့်ဝေအပ်ပါသည်။ ဖြည့်စွက်ပြီး ပုံစံ (၃) များကို မြန်မာသံရုံး၊ ပေကျင်းမြို့သို့ ၁၅-၈-၂၀၂၀ (စနေနေ့) ရက်နေ့နောက်ဆုံးထားကာ ပြန်လည်ပေးပို့ပေးနိုင်ပါရန် ကြေညာအပ်ပါသည်။

မြန်မာသံရုံး၊ ပေကျင်းမြို့

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
012
BEIJING

# လွှတ်တော်ရွေးကောက်ပွဲများ
# မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုလွှာ
[ နည်းဥပဒေ ၉ ]

သို့

ဥက္ကဋ္ဌ

------------------- ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

------------------- မြို့နယ်

(၁) တောင်းဆိုသူအမည် ------------------------------------

(၂) မှတ်ပုံတင်အမှတ် ------------------------------------

(၃) မွေးသက္ကရာဇ် (အသက်) ------------------------------

(၄) အဘအမည် ------------------------------------------

(၅) အမိအမည် ------------------------------------------

(၆) နေရပ်လိပ်စာ --------------------------------------

တောင်းဆိုသူသည် မြန်မာနိုင်ငံသား/ ဧည့်နိုင်ငံသား/ နိုင်ငံသားပြုခွင့်ရသူဖြစ်၍ ------------------- ရက်နေ့တွင် အသက် ၁၈ နှစ် ပြည့်သည့်အပြင် မဲစာရင်းတွင် ပါဝင်နိုင်ရန် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်ပါသည်။ တောင်းဆိုသူသည် အထောက်အထားအဖြစ်ဖြင့် အောက်ပါ စာရွက်စာတမ်းများ သို့မဟုတ် သက်သေများကို တင်ပြပါသည် -

-------------------------------------------

-------------------------------------------

# ဝန်ခံချက်

အထက်ပါ အချက်များအားလုံး မှန်ကန်ပါသည်။ တောင်းဆိုသူသည် မည်သည့် အခြားမဲဆန္ဒနယ်၏ မဲစာရင်းတွင်မျှပါဝင်ရန် တောင်းဆိုထားခြင်း မရှိသေးပါ။

တောင်းဆိုသူ သို့မဟုတ် ကိုယ်စားလှယ်လက်မှတ်
သို့မဟုတ် လက်ဝဲလက်မလက်ဗွေ

ရက်စွဲ၊ ---------------

တောင်းဆိုသူ ဦး/ ဒေါ် -------------------- သည် အမှတ် (      )
-------------------- လမ်း၊ -------------------- ရပ်ကွက် / ကျေးရွာ
အုပ်စုတွင် နေထိုင်သူဖြစ်ပါသည်။

အုပ်ချုပ်ရေးမှူး

ရက်စွဲ၊ ---------------        ------------- ရပ်ကွက်/ကျေးရွာအုပ်စု

မှတ်ချက်။ မဲစာရင်းတစ်ခုမှ တစ်ခုသို့ရွှေ့ပြောင်းခြင်းဖြစ်ပါက အိမ်ထောင်စုဇယားနှင့် ပယ်ဖျက်ပြီးကြောင်း အထောက်အထား ပုံစံ (၄-ခ)တို့ ပူးတွဲတင်ပြရမည်။